ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

( ၁ )

# "Forklift အငှားရောင်း– နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast)**
**With side shife Attachment (1)Unit**
**(So No. HTY-BSO-UNT-2025-05-M002)**
**(Sr No. 18BC05249 )**
**Contract No. WF-HS-258/2025**

၂၀၂၅ခုနှစ်၊ မေလ(၂၃)ရက်နေ့တွင် ရန်ကုန်မြို့၌အောက်အမည်ပါသူတို့က Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit - Forklift အငှားရောင်းသဘောတူ စာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

Forkliftအငှားရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on the behalf of 78 Co., Ltd.)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Forkliftအငှားဝယ်ယူသူ ။ ။ ဦးမျိုးသူအောင် (ဘ) ဦးအောင်ဘထွန်း
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/ရပသ(နိုင်)၀၆၁၀၆၇
ကုမ္ပဏီအမည်– **Green Circle Co.,Ltd.**
အမှတ်– (၁၁၆)၊ ကနောင်မင်းကြီးလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၄၅၀၀၄၃၀၂၉။

(Forklift အငှားရောင်းချသူနှင့် Forklift အငှားဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင် အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အငှားရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit အတွက် တန်ဖိုးငွေ USD– 21,000/- (USD– Twenty One Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed Yangon နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် Forklift ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ Forklift ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ " Forklift " ဟူသောစကားရပ်တွင် အငှားရောင်းချသည့်မူလ Forklift နှင့်စက်အပိုပစ္စည်းများ၊ အငှားရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် အငှားဝယ်ယူသူမှ မိမိသဘောအလျောက်အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲလဲလှယ်တပ်ဆင်ထားသည့် Forklift နှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ ရောင်းချသူကမိမိရောင်းချသော Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit သည် အသစ်ဖြစ်ကြောင်းနှင့် ယင်း Forklift အား တစ်နှစ် (သို့မဟုတ်) နာရီပေါင်း (၂,၀၀၀) စေ့ရောက်အသုံးပြုပြီး သည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၂,၀၀၀) ပြည့်သည့်ကာလ (နှစ်)ခုအနက်စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ ထိုအာမခံသည့်ကာလအတွင်း အငှားဝယ်ယူသူ(သို့မဟုတ်) အငှားဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက အငှားဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

စာမျက်နှာ(၂)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250



၅။ အငှားရောင်းချခဲ့သော Forklift ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်းပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူသို့ Forklift ကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်း လက်ခံရရှိသည့်အခါမှသာ Forklift ကို ရရှိနိုင်မည်ဖြစ်ကြောင်း အငှားဝယ်ယူသူများမှ သဘောတူညီပါသည်။

၆။ အငှားဝယ်ယူသူသည် အငှားရောင်းချသူကသတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှသာလျှင် ယင်း Forklift ၏ပိုင်ဆိုင်မှု (Title of Ownership) သည် အငှားဝယ်ယူသူများ၏လက်ဝယ်သို့ ရောက်ရှိသည်ဟု သဘောပေါက်နားလည်ပါသည်။ အကယ်၍သတ်မှတ်အရစ်ကျငွေများကို ပေးချေရန်ပျက်ကွက်၍ စာချုပ်ပျက်ပြယ်ပါက ပေးပြီးသော တင်သွင်းငွေ နှင့် အရစ်ကျငွေများသည် ငှားရမ်းခဟုသတ်မှတ်ခြင်းကို သဘောတူညီလျက် အငှားဝယ်ယူထားသော Forklift ကို အချိန်အခါမရွေး ပြန်လည်သိမ်းယူခြင်းခံရမည်ကို သဘောတူလက်ခံပါသည်။

၇။ <u>အငှားရောင်းချသူ၏ တာဝန်နှင့် အခွင့်အရေးများ</u>

(က) အငှားရောင်းချသူက မိမိရောင်းချသော Forklift အား သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာသုံးချနိုင်အောင် လိုအပ်သည်များကို ဆောင်ရွက်လျက်ရောင်းချသည့် သတ်မှတ်ရက်တွင် လက်ရောက်ပေးအပ်ရပါမည်။

(ခ) အာမခံကတိပေးထားသည့်အတိုင်းလိုအပ်သည့်အခါတွင်ဝန်ဆောင်မှုကိုပြည့်ဝစွာဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(ဂ) အငှားဝယ်ယူသူက နောက်ဆက်တွဲ က ပါ စည်းကမ်းများကိုဖောက်ဖျက်၍ အရစ်ကျပေးရန်ပျက်ကွက်ခြင်းရှိခဲ့လျှင် အရစ်ကျပေးရန် <u>ပျက်ကွက်သည်နှင့်တစ်ပြိုင်နက်</u> အငှားရောင်းချသူများက အငှားရောင်းချစာချုပ်ကို ဖျက်သိမ်းစေခြင်းနှင့် အငှားရောင်းချသည့် Forklift အား ပြန်လည်သိမ်းယူမည်ဖြစ်ပါသည်။

(ဃ) အငှားဝယ်ယူသူများထံမှ အရစ်ကျပေးငွေအားလုံးကိုလက်ခံရရှိပြီးပါက ငွေအကြေအရောင်းအဝယ်စာချုပ်ကို ထပ်မံချုပ်ဆိုပေးပါမည်။

(င) အငှားရောင်းချသူမှရောင်းချသည့် Forklift သည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်အရှုပ်အရှင်းကြွေးမြီမျှ မရှိကြောင်း ဝန်ခံကတိပြုပါသည်။

၈။ <u>အငှားဝယ်ယူသူ၏ တာဝန်နှင့် အခွင့်အရေးများ</u>

(က) အငှားဝယ်ယူသူသည် မိမိဝယ်ယူသည့် Forklift ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

(ခ) အငှားဝယ်ယူသူများသည် အာမခံသည့်ကာလအတွင်း မိမိဝန်ထမ်းများ၏ တာဝန်ပျက်ကွက်မှုကြောင့် မဟုတ်လျှင် အခမဲ့ပြင်ဆင်ပေးသည်ကိုရရှိမည်။ ပြင်ဆင်ပေးရာတွင် အငှားရောင်းချသူများ၏ဝန်ထမ်းများမှ ကုမ္ပဏီ၏ တည်ရှိရာနေရာနှင့် မိုင်(၄၀)အကွာအဝေးအတွင်း အငှားရောင်းချသည့် Forklift ကို ပြင်ဆင်ပေးရပါက ပြင်ဆင်ပေးမည့် ဝန်ထမ်းများ၏ စရိတ်ကိုပေးအပ်ရန်မလိုပါ။

(ဂ) မီးသင့်လောင်ခြင်း၊ မုန်တိုင်းကျခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် အခြားမလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ် အကြောင်းများကြောင့် Forklift ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာခဲ့ပါက နှစ်ဖက်ညှိနှိုင်းဆွေးနွေး၍ Forklift တန်ဖိုးကိုအငှားဝယ်ယူသူမှ ပြန်လည်ပေးလျော်ရမည်ဖြစ်ကြောင်း သိရှိသဘောတူပါသည်။

(ဃ) အငှားဝယ်ယူသည့် Forklift ကို ငွေအပြေအကြေမပေးချေမီကာလအတွင်း ဤစာချုပ်တွင်အဆိုပြုထားသည့် နေရာတွင်သာအသုံးပြုရမည်။ နေရာပြောင်းရွှေ့အသုံးပြုလိုပါက အငှားရောင်းချသူ၏ ခွင့်ပြုသဘောတူညီမှုဖြင့်သာ နေရာပြောင်းရွှေ့ခွင့်ရှိသည်။

(င) ဥပဒေနှင့်မညီသည့် မည်သည့်ကိစ္စတွင်မှအသုံးမပြုရ။ ယင်းသို့အသုံးပြုခြင်းကြောင့် အငှားရောင်းချသူတွင် ဝုံးရှုံးနစ်နာမှုတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက အငှားဝယ်ယူသူမှ Forklift တန်ဖိုးပြည့်မီအောင်ပေးလျော်ပါမည်ဟု သိရှိ ၁ဘောတူ ဝန်ခံကတိပြုပါသည်။

(စ) အငှားဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျ ကြည့်ရှုစစ်ဆေးပြီးမှဝယ်ယူသည့်အတွက် စရံငွေကိုပြန်လည် ဘာင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန် ာဝန် ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဆ) အငှားဝယ်ယူသူသည် အရစ်ကျပေးချေရမည့်ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း ပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီ၏ ငွေကြေးလည်ပတ်စီးဆင်းမှု နှောင့်နှေးကြန့်ကြာ

စာမျက်နှာ(၃)သို့

23/5/2025

23 5/25

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



စေသည့်အတွက် နစ်နာမှုရှိသည့်အားလျော်စွာ အငှားဝယ်ယူသူက နစ်နာကြေးအဖြစ်ပေးဆောင်ရန် ကျန်ရှိသည့် တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးရမည်ဖြစ်သည့်အပြင် ကျန်ငွေပေးချေရန် (၁)လတိတိ ဆက်လက်ပျက်ကွက်ပါက Forklift တွင်ပါရှိသော (Control Module) အား ဖြုတ်သိမ်းမည်ဖြစ်သည်။

(ဈ) အငှားဝယ်ယူသူသည့် ကျန်ငွေပေးချေရန်(၂)လတိတိ ဆက်လက်ပျက်ကွက်နေပါက ဤသဘောတူစာချုပ်ပါ အတိုင်း အငှားရောင်းချသူမှ အငှားရောင်းချထားသည့် Forklift ကိုတရားဝင်ပြန်လည်သိမ်းယူမည်ဖြစ်ပြီး၊ အငှားဝယ်ယူသူမှ အငှားရောင်းချသူထံသို့ ကနဦးပေးသွင်းထားသော Forklift တန်ဖိုးငွေများအား ပြန်လည်ထုတ်ယူခွင့် ပေးမည်မဟုတ်ကြောင်း ကို သိရှိသဘောတူပါသည်။

(ဉ) အငှားဝယ်ယူသူသည် အငှားရောင်းချသူဘက်မှ ပြန်လည်သိမ်းယူထားသော Forklift ကို ပြန်လည်ရွေးယူလိုလျှင် Forklift သိမ်းယူစဉ်က ကုန်ကျခဲ့သောကုန်ကျစရိတ်များနှင့် ပေးရန်ကျန်ရှိနေသောငွေကြေးအဝဝကို အပြေအကြေ ပေးချေပြီးမှသာလျှင် ပြန်လည်ရွေးယူနိုင်မည်ဖြစ်ပါသည်။

(ည) အငှားဝယ် Forklift အား သတ်မှတ်ထားသောစာချုပ်ကာလအတွင်း ငွေများအပြေအကြေပေးချေခြင်း မရှိသေးပါက အငှားဝယ်ယူသူသည် ဖော်ပြပါ Forklift ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ အခြားနည်းအရလွှဲပြောင်းခြင်း စသည့်မည်သည့်ကိစ္စကိုမျှ လုပ်ဆောင်ပိုင်ခွင့်မရှိကြောင်း သိရှိသဘောတူပါသည်။ ဖော်ပြပါအချက်များကိုဖောက်ဖျက်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ တရားစွဲဆိုခံရမည် ဖြစ်ပြီး တရားစရိတ်အဝဝကို အငှားဝယ်ယူသူမှ ကျခံရမည်ဖြစ်ကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

၉။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက 78 Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် Forklift အငှားဝယ်ယူသူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူက နှစ်ဦး နှစ်ဖက် အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှု သိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူ တစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်း စသည်တို့လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| **Forklift အငှားရောင်းချသူ** | **Forklift အငှားဝယ်ယူသူ** |
|---|---|
| 28/5/25 | |
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးမျိုးသူအောင် (၁၂/ရပသ(နိုင်)၀၆၁၀၆၇) |
| (for and on the behalf of 78 Co., Ltd) | ( Green Circle Co.,Ltd. ) |

အသိသက်သေများ

လက်မှတ် -
အမည် - ထက်နိုင်စိုး
နသအမှတ် - ၁၂/မဘန(နိုင်)၁၅၃၉၄၅
နေရပ် - အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန်
- လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - [illegible]
နသအမှတ် - [illegible]
နေရပ် - [illegible]

လက်မှတ် - For 78 MA
အမည် - ဒေါ်ခရစ်နွယ်
နသအမှတ် - ၁၁/မပန(နိုင်)၀၆၀၁၂၃
နေရပ် - အမှတ် (၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့၊ ရန်ကုန်မြို့။

စာမျက်နှာ(၄)သို့.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



နောက်ဆက်တွဲ က

## အငှားရောင်းချခြင်းနှင့်စပ်လျဉ်းသည့်ငွေပေးချေခြင်းအသေးစိတ်

၁။ ရောင်းချသည့်မီးစက်အမည်– Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit

၂။ သတ်မှတ်အငှားရောင်းဈေး– (1) Unit ကိုတန်ဖိုးငွေ USD- 21,000/- (USD- Twenty One Thousand Only) Landed Yangon ဖြစ်ပါသည်။

၃။ <u>ငွေပေးချေခြင်းစနစ်</u>

1st Payment –(1) Unit အတွက် ပထမအရစ်ကျငွေအဖြစ် USD- 10,500/- (USD- Ten Thousand and Five Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ မေလ စာချုပ်ချုပ်ဆိုချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

2nd Payment –(1) Unit အတွက် ဒုတိယအရစ်ကျငွေအဖြစ် USD- 3,150/- (USD- Three Thousand One Hundred and Fifty Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

3rd Payment –(1) Unit အတွက် တတိယအရစ်ကျငွေအဖြစ် USD- 3,150/- (USD- Three Thousand One Hundred and Fifty Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

Final Payment – (1) Unit အတွက် ကျန်ငွေ USD- 4,200/- (USD- Four Thousand and Two Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

၄။ ဝယ်ယူသူမှငွေပေးချေမှုများကို သတ်မှတ်ထားသည့် အငှားရောင်းကာလ (၃)လအတွင်း (၂၀၂၅ ခုနှစ်၊ ဩဂုတ်လ) နောက်ဆုံးထား၍ ကျန်ငွေများကို မပျက်မကွက်မှန်မှန် အပြီးအပြတ်အပြေအကြေပေးချေရန် သဘောတူညီ ကြပါသည်။

(Forklift ဝယ်ယူသူသည် ပေးချေရမည့် ငွေများအားလုံးကို (78 Bank Account No.02150302105481901) သို့ ပေးသွင်းရမည်ဖြစ်ပါသည်။)


၅။ Forklift လွှဲပြောင်းချိန် ။ ။ ၂၀၂၅ ခုနှစ်၊ မေလ။

၆။ Forklift လွှဲပြောင်းချိန်တွင် Forklift နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို Forklift အငှားရောင်းချသူမှ Forklift အငှားဝယ်ယူသူသို့ စက်နှင့်အတူတစ်ပါတည်းလွှဲပြောင်းပေးအပ်ရာ လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

စာမျက်နှာ(၅)သို့

23 5/25

25/5/2025






၇။ အရစ်ကျပေးသွင်းရာတွင်သတ်မှတ်သည့်သဘောတူညီချက်များ -

(က)အရစ်ကျငွေကိုသတ်မှတ်ရက်တွင်တိကျစွာပေးချေရန်သဘောတူညီပါသည်။

(ခ) အရစ်ကျပေးရန်ပျက်ကွက်ပါကပေးပြီးအရစ်ကျငွေများသည်ငှားရမ်းခပင်ဖြစ်သည်ကိုနားလည်ပါသည်။

(ဂ) အရစ်ကြေးပေးရန်ပျက်ကွက်ခြင်းကြောင့် အငှားရောင်း ကတိပျက်ကွက်သဖြင့် အငှားရောင်း Forklift ကို အငှားရောင်းချသူက ပြန်လည်သိမ်းယူမည်ကို ကောင်းစွာသိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။

**Forklift အငှားရောင်းချသူ**

28/5/25

ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)
(for and on the behalf of 78 Co., Ltd)

**Forklift အငှားဝယ်ယူသူ**

ဦးမျိုးသူအောင် (၁၂/ရပသ(နိုင်)၀၆၁၀၆၇)
**(Green Circle Co.,Ltd.)**

**အသိသက်သေများ**

လက်မှတ် -
အမည် - ထက်နိုင်စိုး
နသအမှတ် - ၁၂/မဘန(နိုင်)၁၅၃၉၄၅
နေရပ် - အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန်
- လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - Yin Thu Phyo
နသအမှတ် - [illegible]141049
နေရပ် - [illegible]

လက်မှတ် -
အမည် - ဒေါ်ခရစ်နွယ်
နသအမှတ် - ၁၁/မပန(နိုင်)၀၆၀၁၂၃
နေရပ် - အမှတ် (၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့၊ ရန်ကုန်မြို့။

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

# " ကိုယ်တိုင်ကတိပြုဝန်ခံချက် "

ကျွန်တော် ဦးမျိုးသူအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ်- ၁၂/ရပသ(နိုင်)၀၆၁၀၆၇၊ ရန်ကုန်မြို့တွင် နေထိုင်သူက အောက်ပါ အသိသက်သေများ ရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

(ကျွန်တော် ဦးမျိုးသူအောင် ဟုဆိုရာ၌ ကျွန်တော်တို့အပြင် ဇနီး/ခင်ပွန်း သား/သမီးများ၊ အမွေစား/ အမွေခံများ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့၊ 78 Co., Ltd. ပိုင်ငွေဖြင့်ဝယ်ယူ၍ ကျွန်တော်အား အငှားအဝယ် (Hire Purchase) စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာ ဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ အဆိုပါပစ္စည်းအတွက် ကုမ္ပဏီကသတ်မှတ်ထားသည့် အရစ်ကျတန်ဖိုးငွေများ အပြေအကြေမပေးချေရသေးမီ ကာလတစ်လျှောက်တွင် ပစ္စည်း၏ပိုင်ရှင်မှာ 78 Co., Ltd. သာဖြစ်ကြောင်း သိရှိပါသည်။

၃။ (၁)လနှင့်အထက် ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက ဝယ်ယူသူမှ 78 Co., Ltd. သို့ ငှားရမ်းဝယ်ယူထားသော Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit တည်ရှိရာနေရာ (သို့မဟုတ်) တည်ရှိသည်ဟု သံသယတည်ရှိရာ နေရာများသို့ သွားရောက်၍ 78 Co., Ltd. မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၏ အစီအမံဖြင့် ပြန်လည်သိမ်းယူရာတွင် သာယာအေးချမ်းစွာဖြင့် အဆိုပါ Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit ကို လက်ရောက်အပ်နှံပါမည်ဟု အငှားဝယ်ယူသူ ဝန်ခံကတိပြုပါသည်။ ထိုသို့ Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit ကို ပြန်လည်သိမ်းယူရာတွင် ကုန်ကျစရိတ် ကျသင့်သောတန်ဖိုးငွေကို အငှားဝယ်ယူသူဘက်မှ ကျခံရမည်ကို သိရှိသဘောတူပါသည်။ ထိုကဲ့သို့ Brand New Matador Forklift MFD30-X (3Ton,5M(Three Stage Mast) With side shife Attachment (1)Unit ပြန်လည်သိမ်းယူသည့်အချိန်၌ အသုံးပြုသုံးစွဲထားသော ကီလိုကုန်ကျစရိတ်တန်ဖိုးသည် ပေးသွင်းထားပြီးသော အရစ်ကျငွေကြေးထက် ပိုမိုနေပါက အဆိုပါတန်ဖိုးငွေကို ထပ်မံပေးသွင်းရမည်ကို သိရှိပါသည်။

၄။ အကယ်၍ ကျွန်တော် သည် ကုမ္ပဏီသို့ ပေးဆပ်ရမည့် အရစ်ကျငွေများကို လစဉ်မှန်ကန်စွာ ပေးသွင်းရန် ပျက်ကွက်ပါက 78 Co., Ltd. အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စသည်တို့အား တိုင်ကြား၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း၊ အချိန်မရွေး၊ နေရာမရွေး ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ထားရှိသူ၊ မည်သူ့ထံမှမဆို ပြန်လည်သိမ်းယူခွင့်ရှိကြောင်း ဝန်ခံပါသည်။

၅။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကို ခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

၆။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ကျသင့်သောအခွန်အခ၊ ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မိမိတွင်သာ တာဝန်ရှိကြောင်း သိရှိပါသည်။

၇။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်မိပါက မိမိတွင်သာ တာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည် အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံပါသည်။

၈။ အကယ်၍ အငှားဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါ အထက်ပါအရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ **ဒေါ်စုစုလှိုင်** မှ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။

စာမျက်နှာ(၇)သို့

CS CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



၉။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| (အာမခံသူ) | (ဝန်ခံကတိပြုသူ) |
| --- | --- |
| ဒေါ်စုစုလှိုင် | ဦးမျိုးသူအောင် |
| (၁၄/ညတန(နိုင်)၀၀၀၂၈၂) | (၁၂/ရပသ(နိုင်)၀၆၁၀၆၇) |

**အသိသက်သေများ**

လက်မှတ် –
အမည် – ထက်နိုင်စိုး
နသအမှတ် – ၁၂/မဘန(နိုင်)၁၅၃၉၄၅
နေရပ် – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊
– လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် –
အမည် – [illegible]
နသအမှတ် – 5/ကလန(နိုင်)141049
နေရပ် – [illegible]